# ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ

## ကချင်ပြည်နယ် MSME အေဂျင်စီ

ကချင်ပြည်နယ် MSME အေဂျင်စီအဖွဲ့ဝင်ဗဟိုစာရင်းအင်းအဖွဲ့၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စည်ပင်သာယာရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု)စစ်တမ်း (၂၀၂၅)ကွင်းဆင်း ကောက်ယူခြင်းကို (၂၂.၁၀.၂၀၂၅) မှ (၁၃.၁၁.၂၀၂၅) ရက်နေ့အထိ မြစ်ကြီးနားမြို့အတွင်းရှိ ရပ်ကွက်(၂၇)ခု နှင့် ကျေးရွာ (၂) ရွာရှိ လုပ်ငန်းပေါင်း (၁၈၅) ခု တို့အားကွင်းဆင်း၍ စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ကယားပြည်နယ် MSME အေဂျင်စီ

ကယားပြည်နယ် MSME အေဂျင်စီအဖွဲ့ဝင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်စားသုံးသူရေးရာဦးစီးဌာနတို့မှ (၁၈.၁၁.၂၀၂၅)ရက်နေ့တွင် စားသုံးသူရေးရာဦးစီးဌာနရုံး၌ စားသောက်ကုန်လုပ်ငန်း (၁၂) ခု အားအမှတ်တံဆိပ်သတ်မှတ်ချက်နှင့်ပတ်သက်၍ သင်တန်းပို့ချခြင်း ဆောင်ရွက်ခဲ့ပါသည်။



## ကရင်ပြည်နယ် MSME အောဂျင်စီ

(၇.၁၁.၂၀၂၅) ရက်နေ့ မှ (၁၁.၁၁.၂၀၂၅) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများတွင် MSME ထုတ်ကုန်ပြခန်း(၂၄)ခန်း ပြသရောင်းချခဲ့ပါသည်။



## စစ်ကိုင်းတိုင်းဒေသကြီး MSME အောဂျင်စီ

စစ်ကိုင်းတိုင်းဒေသကြီး MSME အောဂျင်စီအဖွဲ့ဝင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ (၁၃.၁၁.၂၀၂၅) ရက်နေ့မှ (၁၇.၁၁.၂၀၂၅)ရက်နေ့အထိ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းသင်တန်းကို သင်တန်းသား/သူ(၂၀)ဦးဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီး MSME အေဂျင်စီ

တနင်္သာရီတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ (၂၀.၁၁.၂၀၂၅)ရက်နေ့တွင် ထားဝယ်ခရိုင်၊ထားဝယ်မြို့နယ်၊ ဝဲကျွန်းထိန်သစ်ရပ်ရှိ မြနဒီသောက်ရေသန့်စက်ရုံတွင် လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဝန်ထမ်း(၁၄)ဦး တက်ရောက်ခဲ့ပါသည်။



## ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီ

ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံ အပ်ချုပ်စက်သင်တန်းအား (၁.၁၀.၂၀၂၅)ရက်နေ့မှ(၁၄.၁၁.၂၀၂၅)ရက်နေ့ထိ သာယာဝတီမြို့နယ်၊ ရွာမ ကျေးရွာတွင် ဖွင့်လှစ်ခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီး MSME အေဂျင်စီ

မကွေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ၊ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ (၂၆.၁၁.၂၀၂၅)ရက်နေ့တွင် အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး)၌ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ပြည်သူသို့ ဝန်ဆောင်မှုလုပ်ငန်း (Public Services) ဆောင်ရွက်ပေးနေမှုများအား သင်တန်းကျောင်းရှိ သင်တန်းသားများအား ဆွေးနွေးပို့ချခဲ့ပါသည်။



## မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီ

မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (၂၆.၁၁.၂၀၂၅)ရက်နေ့မှ(၂၇.၁၁.၂၀၂၅)ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ Incubation Center တွင် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပေးခဲ့ပါသည်။



## မွန်ပြည်နယ် MSME အောင်ဂျင်စီ

မွန်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို (၃.၁၁.၂၀၂၅) ရက်နေ့မှ (၅.၁၁.၂၀၂၅)ရက်နေ့ထိ မဟာမြတ်မုနိဘုရားပရဝုဏ်အတွင်း MSME ပြခန်း (၃၅)ခန်း ခင်းကျင်းပြသရောင်းချခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး MSME အောင်ဂျင်စီ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ချေးငွေနှင့်စံချိန်စံညွှန်းဆိုင်ရာ အထောက်အပံ့များ၊ မူပိုင်ခွင့်ဈေးကွက်ဆိုင်ရာအထောက်အပံ့များနှင့်ပတ်သက်၍ Talk Show ကို (၂.၁၁.၂၀၂၅)ရက်နေ့မှ (၃.၁.၂၀၂၅) ရက်နေ့အထိ (၂) ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းရှင် (၂၂၀)ဦး တက်ရောက်ခဲ့ပါသည်။



## ရှမ်းပြည်နယ် MSME အေဂျင်စီ

ရှမ်းပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် ငါးလုပ်ငန်းဦးစီးဌာနမှ (၁၉.၁၁.၂၀၂၅)ရက်နေ့မှ(၂၁.၁၁.၂၀၂၅) ရက်နေ့အထိ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသား ဖေါက်သင်တန်းကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၂၀)ဦး တက်ရောက်ခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီ

နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် (၂၃.၁၁.၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့သို့ လာရောက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ဖွင့်ပွဲအခမ်းအနားအား တက်ရောက်ဖွင့်လှစ်ခြင်း၊ မအူပင်ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးခြင်းနှင့် မအူပင်ခရိုင်အသေးစား၊အငယ်စားနှင့်အလတ်စား (MSME) ထုတ်ကုန်များ ပြပွဲနှင့် ဈေးရောင်းပွဲအား ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## နေပြည်တော် MSME အေဂျင်စီ

နေပြည်တော်ကောင်စီမှကြီးမှူး၍ (၁၇.၁၁.၂၀၂၅)ရက်နေ့တွင် ဇေယျာသီရိမြို့နယ်၊ မွန်းတည့်ခွင်ကျေးရွာ လေ့ခွင်းတောင်ဘုရားလမ်းတွင် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပခဲ့ရာတွင် MSME လုပ်ငန်းရှင် (၁၆)ဦး၏ ဒေသထွက်ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချခဲ့ပါသည်။



## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အေဂျင်စီ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အေဂျင်စီအဖွဲ့ဝင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သည် ခန္တီးမြို့တွင် (၁.၁၁.၂၀၂၅) မှ (၃၀.၁၁.၂၀၂၅) ရက်နေ့အထိ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးပါအမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း အခြေခံ/ အဆင့်မြင့်စက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသူ (၁၅) တက်ရောက်ခဲ့ပါသည်။



## နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အောင်ဂျင်စီ

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရှာငံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ သည် ဒေသအတွင်း MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ ပြုလုပ်ခဲ့ပါသည်။



## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အောင်ဂျင်စီ

တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပသည့် တန်ဆောင်တိုင်ပွဲတော် MSMEs ဒေသထွက်ကုန် များပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ “လုံဟော” ဝါးလက်မှု လုပ်ငန်း နှင့် နောင်ခမ်းကော်ဖီလုပ်ငန်းတို့မှ ပါဝင်ပြသရောင်းချခဲ့ပါသည်။

